ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၇ ခုနှစ်၊ မွန်ပြည်နယ်၏
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

# ၂၀၁၇ ခုနှစ်၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ

(၂၀၁၇ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃ ။)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်)

မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ်အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်၊ မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့် သုံးငွေများ

၂။ မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်၊ မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မွန်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို မွန်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို မွန်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်၊ မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲ ခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအားလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ ၊ အမိန့်များ ၊ ညွှန်ကြားချက်များ ၊ လုပ်ထုံး လုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၄။ (က) မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်၊ မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ မွန်ပြည်နယ် လွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်၊ မွန်ပြည်နယ် ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေ အရခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ မွန်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၅။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများ နှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့်သုံးငွေများ

၆။ မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ကြရမည်။

၇။ မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ မွန်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၇။ (က) ဇယား(၅)နှင့်(၆)တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်း ရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၈။ (က) မွန်ပြည်နယ်အစိုးရအဖွဲ့သည် မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်း လိုအပ် ချက်အရ ဤဥပဒေ၏ဇယား(၅)တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊လျော့ခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား(၆)အရ ခွင့်ပြုထားသော ငွေလုံးငွေရင်း သုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုပဲ မူလ လုပ်ငန်းစီမံကိန်း တစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ရငွေများနှင့် သုံးငွေ များပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ မွန်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်း ဖော်ပြရမည်။

(ခ) ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ မွန်ပြည်နယ်အစိုးရအဖွဲ့က မွန်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ မွန်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြ ရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ငွေများ ပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးကပ်ဆုံးကျင်းပသည့် မွန်ပြည်နယ်လွှတ်တော်သို့ တင်ပြ၍ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဂ) မွန်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကို မွန်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေဖြင့် ရယူဆောင်ရွက် ခြင်းပြုနိုင်သည်။

## အပိုင်း(၄)
## ငွေချေးယူခြင်း၊ ထောက်ပံ့ငွေရယူခြင်းနှင့် ပြည်ပအကူအညီရယူခြင်း

၁၀။ မွန်ပြည်နယ်အစိုးရအဖွဲ့သည် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် မွန်ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ ၊ ချေးငွေ ဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၁၁။ မွန်ပြည်နယ်အစိုးရအဖွဲ့သည် မွန်ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သော မွန်ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ မွန်ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့်ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့တို့ကို ရယူဆောင်ရွက်နိုင်သည်။

၁၂။ မွန်ပြည်နယ်အစိုးရအဖွဲ့သည် မွန်ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သော ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ မွန်ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်းကို မွန်ပြည်နယ် လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်တို့ကို ကြိုတင်ရယူဆောင်ရွက်ရမည်။

၁၃။ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များအရ ရငွေနှင့်သုံးငွေများ ပြောင်းလဲခြင်းများကို မွန်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြင်ဆင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြင်ဆင်ပြီးခန့်မှန်းခြေငွေစာရင်း တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(Signed)

ဒေါက်တာအေးဇံ

ဝန်ကြီးချုပ်

မွန်ပြည်နယ်အစိုးရအဖွဲ့

## မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ပြည်ပအကူ အညီရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | မွန်ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၃၉.၆၉၆ | | ၄၉၇၉.၆၇၂ | | | ၁၀၀၀.၀၀၀ | | | | | ၆၀၃၉.၃၆၈ |
| ၂ | မွန်ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ကတာဝန်ပေးသူ | | | ၁၇၂.၀၅၁ | | | | | | | | ၁၇၂.၀၅၁ |
| ၃ | မွန်ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၄၇၂ | | | | | | | | ၀.၄၇၂ |
| ၄ | မွန်ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ်သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ကတာဝန်ပေးသူ | | | ၀.၅၃၉ | | | | | | | | ၀.၅၃၉ |
| | ပေါင်း | | ၃၉.၆၉၆ | | ၅၁၅၂.၇၃၄ | | | ၁၀၀၀.၀၀၀ | | | | | ၆၂၁၂.၄၃၀ |

## မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | မွန်ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၅၆၀၃.၉၇၀ | | ၁၀၀၀.၀၀၀ | ၁၂၉၀၀.၅၉၇ | | | | ၁၉၅၀၄.၅၇၅ |
| ၂ | မွန်ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးသူ | ၂၅၂.၆၁၀ | | | ၁၆၉.၃၀၀ | | | | ၄၂၁.၉၁၀ |
| ၃ | မွန်ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ကတာဝန်ပေးသူ | ၅၆.၅၀၀ | | | | | | | ၅၆.၅၀၀ |
| ၄ | မွန်ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၃၀၅.၃၆၆ | | | ၇.၁၀၀ | | | | ၃၁၂.၄၆၆ |
| ၅ | မွန်ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ်သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ကတာဝန်ပေးသူ | ၇၇၆.၁၁၀ | | | ၁၀.၀၅၀ | | | | ၇၈၆.၁၆၀ |
| | ပေါင်း | | ၆၉၉၄.၅၇၂ | | ၁၀၀၀.၀၀၀ | ၁၃၀၀၇.၀၄၇ | | | | ၂၁၀၀၁.၆၁၉ |

မွန်ပြည်နယ်ဝန်ကြီးဌာနများ ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | |
| | | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင်ကောက်ခံသည့်အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၇၈၇·၅၅၁ | | | | | | | | | | ၇၈၇·၅၅၁ |
| | ၁ | ယစ်မျိုးခွန် | | ၇၈၇·၅၅၁ | | | | | | | | | | ၇၈၇·၅၅၁ |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၄င်း | ၁၂၄၃·၅၅၉ | | | | | | | | | | ၁၂၄၃·၅၅၉ |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၁၁၄·၅၁၃ | | | | | | | | | | ၁၁၄·၅၁၃ |
| | ၂ | တာတမံခွန် | | ၀·၆၂၇ | | | | | | | | | | ၀·၆၂၇ |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန် | | ၅၁·၈၅၆ | | | | | | | | | | ၅၁·၈၅၆ |
| | ၄ | ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၃၇၀·၅၀၀ | | | | | | | | | | ၃၇၀·၅၀၀ |
| | ၅ | အင်းအိုင်ခွန် | | ၆၉၀·၀၆၃ | | | | | | | | | | ၆၉၀·၀၆၃ |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှကောက်ခံသည့်အခွန် | ၄င်း | ၆၀၆·၇၁၀ | | | | | | | | | | ၆၀၆·၇၁၀ |
| | ၁ | ပစ္စည်းခွန် | | ၆၀၁·၀၇၀ | | | | | | | | | | ၆၀၁·၀၇၀ |
| | ၂ | ဘီးခွန် | | ၀၅·၆၄၀ | | | | | | | | | | ၀၅·၆၄၀ |

မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၄ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၂၈.၆၀၆ | | | | | | | | ၂၈.၆၀၆ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၃.၅၀၆ | | | | | | | | ၁၃.၅၀၆ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၁၀၀ | | | | | | | | ၀.၁၀၀ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၁၅.၀၀၀ | | | | | | | | ၁၅.၀၀၀ |
| ၅ | | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း** | ၄င်း | | | ၄၁.၀၀၃ | | | | | | | | ၄၁.၀၀၃ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၂၈.၇၄၆ | | | | | | | | ၂၈.၇၄၆ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁.၈၅၇ | | | | | | | | ၁.၈၅၇ |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၂.၂၀၀ | | | | | | | | ၂.၂၀၀ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၆.၅၀၀ | | | | | | | | ၆.၅၀၀ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁.၇၀၀ | | | | | | | | ၁.၇၀၀ |
| ၆ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၄င်း | | | ၁၄၄.၇၂၁ | | | | | | | | ၁၄၄.၇၂၁ |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၃၅.၂၀၅ | | | | | | | | ၁၃၅.၂၀၅ |
| | ၂ | သတ္တုတွင်းဦးစီးဌာန | | | | ၉.၅၁၆ | | | | | | | | ၉.၅၁၆ |
| ၇ | | **ကျန်းမာရေးနှင့်အားကစား** | ၄င်း | | | ၄၈.၃၁၂ | | | | | | | | ၄၈.၃၁၂ |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၄၈.၃၁၂ | | | | | | | | ၄၈.၃၁၂ |
| ၈ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | ၄င်း | | | ၀.၁၀၀ | | | ၇၁၈၈၇.၄၀၇ | | | | | ၇၁၈၈၇.၅၀၇ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၁၀၀ | | | | | | | | ၀.၁၀၀ |
| | ၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၇၁၈၈၇.၄၀၇ | | | | | ၇၁၈၈၇.၄၀၇ |

မွန်ပြည်နယ်ဝန်ကြီးဌာနများ ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃) ။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ပြည်ပအကူ အညီရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၉ | | ဆောက်လုပ်ရေး | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၁၂၅ ·၂၉၅ | | | | | | | | ၁၂၅ ·၂၉၅ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၇၀ ·၀၀၀ | | | | | | | | ၇၀ ·၀၀၀ |
| | ၂ | လမ်းဦးစီးဌာန | | | | ၅၅ ·၂၉၅ | | | | | | | | ၅၅ ·၂၉၅ |
| ၁၀ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၅၁၁၃ ·၂၀၂ | | | | | | | | ၅၁၁၃ ·၂၀၂ |
| | | ပေါင်း | | ၂၇၃၇ ·၀၂၀ | | ၅၅၀၁ ·၃၉၉ | | | ၇၁၀၀၇ ·၄၀၇ | | | | | ၈၀၁၀၆ ·၆၃၄ |

# မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၄၆၁၆.၂၉၁ | | ၁၅.၀၀၀ | ၂၄၂၃.၀၀၃ | | | | ၇၀၅၄.၂၉၄ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၃၃၇၆.၈၀၇ | | ၁၅.၀၀၀ | ၁၀၀၅.၆၈၄ | | | | ၄၃၉၇.၄၉၁ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၇၁.၈၉၆ | | | ၂၄၂.၁၅၅ | | | | ၅၁၄.၀၅၁ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၉၆၇.၅၈၈ | | | ၁၁၇၅.၁၆၄ | | | | ၂၁၄၂.၇၅၂ |
| ၂ | | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း** | ၎င်း | ၂၆၂၅.၉၇၀ | | | ၃၂၃.၆၆၆ | | | | ၂၉၄၉.၆၃၆ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၅၂၀.၇၂၄ | | | ၉၇.၉၄၀ | | | | ၁၆၁၈.၆၆၄ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၅၀.၈၇၄ | | | ၆၈.၉၇၈ | | | | ၃၁၉.၈၅၂ |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၂၃၄.၆၁၆ | | | ၅၇.၉၄၀ | | | | ၂၉၂.၅၅၆ |
| | ၄ | သမဝါယမဦးစီးဌာန | | ၅၁၅.၄၆၀ | | | ၇၅.၆၄၀ | | | | ၅၉၁.၁၀၀ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၀၄.၂၉၆ | | | ၂၃.၁၆၀ | | | | ၁၂၇.၄၅၆ |
| ၃ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | ၉၁၉.၆၈၇ | | | ၃၇၆.၁၉၃ | | | | ၁၂၉၅.၈၈၀ |
| | ၁ | သစ်တောဦးစီးဌာန | | ၆၈၂.၇၂၁ | | | ၁၀၈.၂၂၉ | | | | ၇၉၀.၉၅၀ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၁၈၃.၄၉၀ | | | ၂၆၇.၈၁၉ | | | | ၄၅၁.၃၀၉ |
| | ၃ | သတ္တုတွင်းဦးစီးဌာန | | ၅၃.၄၇၆ | | | ၀.၁၄၅ | | | | ၅၃.၆၂၁ |
| ၄ | | **ကျန်းမာရေးနှင့် အားကစား** | ၎င်း | ၇၈၉.၁၀၄ | | | ၁၀၀၅.၇၉၀ | | | | ၁၇၉၄.၈၉၄ |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၇၈၉.၁၀၄ | | | ၁၀၀၅.၇၉၀ | | | | ၁၇၉၄.၈၉၄ |
| ၅ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | ၅၄၀.၈၂၁ | | | ၄၇၀.၉၃၇ | | | | ၁၀၁၁.၇၅၈ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃၅၄.၅၀၁ | | | ၉၇.၆၃၂ | | | | ၄၅၂.၁၃၃ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၉၀.၄၃၄ | | | ၁၀၃.၄၉၀ | | | | ၁၉၃.၉၂၄ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၉၅.၈၈၆ | | | ၂၆၉.၈၁၅ | | | | ၃၆၅.၇၀၁ |

## မွန်ပြည်နယ်ဝန်ကြီးဌာနများ ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)။ ။အသုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၆ | | ဆောက်လုပ်ရေး | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၈၇၆၅.၂၆၆ | | | ၁၅၉၀၀.၀၄၇ | | | | ၂၄၇၅၄.၁၁၃ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၉၀.၉၉၀ | | | ၁၄၈၆.၀၄၇ | | | | ၁၇၀၅.၀၄၇ |
| | ၂ | လမ်းဦးစီးဌာန | | ၈၄၆၆.၂၇၆ | | | ၁၄၅၀၂.၀၀၀ | | | | ၂၂၉၈၀.၂၇၆ |
| ၇ | | ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး | ၎င်း | ၂၂.၀၂၀ | | | | | | | ၂၂.၀၂၀ |
| ၈ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၃၆၆၀.၁၄၁ | | | ၁၅၂၄၇.၆၇၂ | | | | ၁၈၉၀၇.၀၁၃ |
| | | ပေါင်း | | ၁၂၉၂၀.၁၀၀ | | ၁၅.၀၀၀ | ၃၅၀၃၆.၁၀၀ | | | | ၅၇၇၇၁.၂၁၆ |

### မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ပြည်ပအကူ အညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | |
| | | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူ ရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | | လျှပ်စစ်နှင့်စွမ်းအင် | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၈ .၀၀၀ | | | | | | | | ၈ .၀၀၀ |
| | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | ၈ .၀၀၀ | | | | | | | | ၈ .၀၀၀ |
| | | ပေါင်း | | | | ၈ .၀၀၀ | | | | | | | | ၈ .၀၀၀ |

## မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | လျှပ်စစ်နှင့်စွမ်းအင် | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | | ၃၄၃၄·၂၂၉ | | | | ၃၄၃၄·၂၂၉ |
| | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၃၄၃၄·၂၂၉ | | | | ၃၄၃၄·၂၂၉ |
| | | ပေါင်း | | | | | ၃၄၃၄·၂၂၉ | | | | ၃၄၃၄·၂၂၉ |